ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
Coronavirus Disease 2019 (Covid-19) ထိန်းချုပ်ရေးနှင့်
အရေးပေါ်တုံ့ပြန်ရေးကော်မတီ
ရခိုင်ပြည်နယ်

စာအမှတ်၊ (၈၁၉) / ၄ / ၈-၁ (လုံခြုံ)/အစရ(ရခိုင်)
ရက်စွဲ ၊ ၂၀၂၀ ခုနှစ်၊ ဧပြီလ ၁၆ ရက်

သို့

ဥက္ကဋ္ဌ
Coronavirus Disease 2019 (Covid-19) ကာကွယ်ထိန်းချုပ်ကုသရေး
ခရိုင်အဆင့်ကော်မတီ
(စစ်တွေ၊မြောက်ဦး၊မောင်တော၊ကျောက်ဖြူ၊သံတွဲ)

အကြောင်းအရာ။ သီးခြားလိုက်နာဆောင်ရွက်သွားရန်အကြောင်းကြားခြင်း

၁။ (၁၅-၄-၂၀၂၀) ရက် ၀၉၀၀ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)တွင် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးပြည်နယ်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၃/၂၀၂၀)အား ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ အဆိုပါအစည်းအဝေးတွင် အောက်ဖော်ပြပါအတိုင်းဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါသဖြင့် သီးခြားလိုက်နာဆောင်ရွက်သွားရန်အကြောင်းကြားပါသည်-

(က) ရခိုင်ပြည်နယ်အတွင်းရှိ ခရိုင်များအတွင်းသို့ အခြားပြည်နယ်/ တိုင်းဒေသကြီးများမှ ကားလမ်း/ ရေလမ်း/ လေကြောင်းခရီးတို့ဖြင့် ပြန်လည်ဝင်ရောက် လာသူများအား သက်ဆိုင်ရာမြို့နယ်အလိုက် Home / Community base Facility quarantine အား ရပ်ရွာလူထုကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက် သွားရန်နှင့် ကျန်းမာ/အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသော လိုက်နာရန်အချက်များအား တိကျစွာ လိုက်နာစေရေး ကြပ်မတ် ဆောင်ရွက်သွားရန်၊

(ခ) ယခုကာလအတွင်း ခွင့်ခံစား၍သော်လည်းကောင်း အခြားကိစ္စရပ် များဖြင့်သော်လည်းကောင်း အခြားပြည်နယ်/တိုင်းဒေသကြီးများမှ ပြန်လည်ဝင်ရောက်လာသူ ဌာနဆိုင်ရာဝန်ထမ်းများအား Home Quarantine ဆောင်ရွက်ရန် ။

(ဂ) Community base Facility quarantine နေရာအား ကန့်သတ် ထားရှိရန်နှင့် တာဝန်မှအပဝင်ရောက်ခွင့်မပြုကြောင်းအသိပေး စောင့်ကြပ်ထားရှိရန်နှင့် လိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်ရန်။

Foreign Security (2019)

(ဃ) နှစ်ဆန်းတစ်ရက်နေ့တွင် အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ခြင်းအား ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများမှသော်လည်းကောင်း။ ဘုန်းတော်ကြီးကျောင်းများ၊ ဓမ္မာရုံများမှ သော်လည်းကောင်း အသံချဲ့စက်ဖွင့်၍ ပူဇော်ကြရန်နှင့် ဘုန်းတော်ကြီးကျောင်းများအား ပင့်ဖိတ်၍ လူစုလူဝေးဖြင့် တရားတော်နာယူခြင်းများမပြုလုပ်ကြရန်၊ အဆင့်ဆင့်သော သံဃနာယကအဖွဲ့တော်များထံသို့လည်း ကြိုတင်လျှောက်ထားသွားရန်၊

(င) ပြည်နယ်အဆင့်လုပ်ငန်းကော်မတီ (ဖ)စုကဲ့သို့ ခရိုင်/မြို့နယ်/ ရပ်ကွက်/ ကျေးရွာ အုပ်စုအဆင့် လုပ်ငန်းကော်မတီများကိုလည်း စေလျှင်စွာ ဖွဲ့စည်းတာဝန် ပေးအပ် ရန်နှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် ချိတ်ဆက်တင်ပြဆောင်ရွက်ကြရန်၊

(စ) စစ်တွေမြို့ပေါ်ရှိ ဘုရားကြီး ကိုးနဝင်းဆုတောင်းပြည့်စေတီတော်၊ လက်ဝဲသလုံးစေတီတော်၊ လောကနန္ဒာဘုရားများအား ၁၇-၄-၂၀၂၀ တစ်ရက် ပိတ်ရန်၊

ဥက္ကဋ္ဌ ( ကိုယ်စား )
(ဗိုလ်မှူးကြီးမင်းသန်းအတွင်းရေးမှူး)
Coronavirus Disease 2019 (Covid-19)
ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးပြည်နယ်ကော်မတီ

မိတ္တူကို

ဥက္ကဋ္ဌ၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီ၊ (စစ်တွေ၊မြောက်ဦး၊မောင်တော၊ကျောက်ဖြူ၊သံတွဲ)
ရုံးလက်ခံ
မျှောစာတွဲ